ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် နှစ်ရာ့ငါးဆယ်ကျပ် K 250

LGL Dept.

**" Matador အမှတ်တံဆိပ် Lubricant(အင်ဂျင်ဝိုင်)များ**
**အရောင်းအဝယ် နှစ်ဖက်သဘောတူစာချုပ်"**
**စာချုပ်အမှတ်-DLD-PO-2024 / 10 / 019**

ရက်စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ ၁၀ လ၊ ( ၈ )ရက်

ပထမတစ်ဖက် ။ ။ People Origin Co., Ltd. (ကိုယ်စား)
ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)
အမှတ်(၁၉၄၇/ဘီ)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နှင့်

ဒုတိယတစ်ဖက် ။ ။ ဦးအောင်ကိုစိုး(၉/ညဥန(နိုင်)၁၉၂၄၀၇)
စိုးကမ္ဘာ (ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)
လမ်းမတော်လမ်း၊ လှည်းတန်းရပ်၊ ညောင်ဦးမြို့။
ဖုန်း-၀၉-၂၅၂၃၅၇၃၅၁။

(အထက်အမည်ပါ (ပထမတစ်ဖက်) People Origin Co., Ltd. ဟုဆိုရာတွင် ကုမ္ပဏီနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ၊ အကြိုးဝင်ကြောင်းနှင့် (ဒုတိယတစ်ဖက်) ဦးအောင်ကိုစိုး၊ စိုးကမ္ဘာ (ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)ဟုဆိုရာ၌ ၎င်းကိုယ်တိုင်နှင့်တကွ ၎င်း၏အမွေစား၊ အမွေစားခံများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများပါ အကြိုးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

၁။ (ဒုတိယတစ်ဖက်) ဦးအောင်ကိုစိုး၊ စိုးကမ္ဘာ (ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)ကို လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရှိရပြီး၊ (ဒုတိယတစ်ဖက်) ဦးအောင်ကိုစိုးသည် (ပထမတစ်ဖက်) People Origin Co., Ltd. မှ ရောင်းချသော Matador Lubricant (MCO-Motor Cycle Oil)များကို ကိုယ်စားလှယ်အဖြစ် မိမိထံ ရောင်းချစေလိုကြောင်း၊ အဆိုပါ Matador Lubricant များကို မိမိထံသို့ ပေးပို့သည့်နေ့ရက်မှ (၃၀)ရက်အတွင်း အရောင်း တန်ဖိုးငွေများကို အပြေအကြေပေးချေမည်ကို နှစ်ဖက်သဘောတူညီကြပါသည်။

၂။ People Origin Co., Ltd. သည် ဦးအောင်ကိုစိုး၏ ညောင်ဦးမြို့၊ လှည်းတန်းရပ်၊ လမ်းမတော်လမ်းတွင် Matador Lubricant များကို ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်။

၃။ ဦးအောင်ကိုစိုးသည် People Origin Co., Ltd. ထံမှ Matador Lubricant များကို တစ်လလျှင် အနည်းဆုံးလီတာ (MCO) လီတာ(၃၀၀) ပုံမှန်ရောင်းချပေးမည်ဖြစ်ပါသည်။ လုပ်ငန်းကာလ(တစ်)နှစ်အတွင်း ဦးအောင်ကိုစိုးမှ နှစ်ဖက်သဘာတူထားသည့် စံချိန်အင်ဂျင်ဝိုင်(၃,၆၀၀)လီတာပြည့်မီအောင် ရောင်းချနိုင်ပါက Additional (၂)ရာခိုင်နှုန်း အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။

စာမျက်နှာ - ၂ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ ကျပ် ငွေတစ်ရာကျပ် K 100



၄။ ဦးအောင်ကိုစိုးသည် People Origin Co., Ltd. ထံမှ မိမိမှာယူထားသော Matador Lubricant များကို မိမိထံ ရောက်ရှိသည့်နေ့တွင် အင်ဂျင်ပိုင်တန်ဖိုးငွေများကို ကုမ္ပဏီသို့ ချက်ချင်းတစ်လုံးတစ်ခဲတည်း အပြည့်အဝ အပြေအကြေပေးချေပြီးမှသာ နောက်ထပ်အင်ဂျင်ပိုင်များကို မှာယူရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်။

၅။ People Origin Co., Ltd. သည် ဦးအောင်ကိုစိုး မှာယူထားသော Matador Lubricant များကို ဦးအောင်ကိုစိုး၏ စိုးကမ္ဘာ (ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)သို့ အရောက်ပို့ဆောင်ပေးမည် ဖြစ်ပါသည်။

၆။ အဆိုပါအင်ဂျင်ပိုင်များကို ဦးအောင်ကိုစိုးမှ စစ်ဆေးလက်ခံရယူပြီးနောက် အဆိုပါ Matador Lubricant များကို ပျက်စီးယိုယွင်းခြင်းကြောင့်သော်လည်းကောင်း၊ မည်သည့်အကြောင်းပြချက်နှင့်မျှ အဆိုပါအင်ဂျင်ပိုင်များကို ပြန်၍လဲလှယ်ပေးရန် People Origin Co., Ltd. သို့ တောင်းဆိုမည်မဟုတ်ကြောင်း ဦးအောင်ကိုစိုးမှ ဝန်ခံကတိပြုပါသည်။

၇။ People Origin Co., Ltd. မှ ဦးအောင်ကိုစိုး၊ စိုးကမ္ဘာ (ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)အတွက် မေတ္တာလက်ဆောင်အဖြစ် Matador Rank (1)Pc ၊ Matador Sport Shirt (4)Pcs နှင့် Matador T-Shirt (10)Pcs အား ပေးပါမည်။

၈။ ဦးအောင်ကိုစိုးသည် Matador Lubricant များကို နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် ညောင်ဦးမြို့တွင်သာ ကုမ္ပဏီမှ သတ်မှတ်ထားသော ပူးတွဲစာရင်းတွင်ပါရှိသည့်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေးမည် ဖြစ်ပါသည်။

အကယ်၍ ဦးအောင်ကိုစိုးမှ နှစ်ဖက်သဘောတူထားသည့် ညောင်ဦးမြို့အပြင် အခြားမြို့များသို့ Matador Lubricant များကို ရောင်းချခဲ့ပါကဖြစ်ပေါ်လာသော People Origin Co., Ltd.၏ နစ်နာမှုအဝဝကို ဦးအောင်ကိုစိုးမှ တာဝန်ယူပေးလျော်ရမည်။

၉။ Matador Lubricant များ ရောင်းချခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မှန်ကန်မျှတမှုကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြရမည်။ အကယ်၍ ပြေလည်မှုမရရှိခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရန် နှစ်ဖက်သဘောတူကြပါသည်။

၁၀။ Matador Lubricant များကို ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူ သတ်မှတ်ကာလ ( ၈ -၁၀-၂၀၂၄ )ရက်နေ့မှ ( ၇ -၁၀-၂၀၂၅ )ရက်နေ့အထိ (တစ်)နှစ်တိတိ ဖြစ်ပါသည်။

၁၁။ အကယ်၍ (တစ်)နှစ်ပြည့်မြောက်ပြီးနောက်Matador Lubricantများကို ဆက်လက်ရောင်းချလိုပါက ဦးအောင်ကိုစိုးမှ People Origin Co., Ltd. သို့ စာချုပ်သက်တမ်းမပြည့်မီ (တစ်)လ ကြိုတင်၍ စာဖြင့် အကြောင်းကြားပေးရမည်။

ကုမ္ပဏီမှ သဘောတူညီမှုရှိပါက သီးခြား Matador Lubricant အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် ဖြစ်ပြီး၊ ကုမ္ပဏီမှ သဘောတူညီမှုမရှိပါက ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူ သက်မှတ်ကာလပြည့်မြောက်သည့်နေ့တွင် စာရင်းဇယားနှင့် ငွေကြေးကိစ္စရပ်များ အပြီးအပြတ်ဖြေရှင်းပြီးမှသာ အရောင်းကိုယ်စားလှယ်အဖြစ်မှ ကုန်ဆုံးရပ်စဲပြီဖြစ်ကြောင်း သိရှိသဘောတူညီကြပါသည်။

စာမျက်နှာ - ၃ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ကျပ် ငွေတစ်ရာကျပ် K 100



၁၂။ အရောင်းကိုယ်စားလှယ်အဖြစ် သက်တမ်းကုန်ဆုံးသည့်နေ့တွင် ဦးအောင်ကိုစိုး ဝယ်ယူထားသော Matador Lubricant များ၏ စာရင်းကို နှစ်ဖက်စစ်ဆေးအတည်ပြုပြီး၊ အဆိုပါစာရင်းတွင် ပါရှိသည့် Matador Lubricant တန်ဖိုးများကို နှစ်ဖက်စစ်ဆေးအတည်ပြုပြီးသည့်နေ့တွင်ပင် ဦးအောင်ကိုစိုး၊ စိုးကမ္ဘာ (ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)မှ ကုမ္ပဏီသို့ မပျက်မကွက်တစ်လုံးတစ်ခဲတည်း အပြေအကြေပေးသွင်းပါမည်ဟု ဝန်ခံကတိပြုပါ သည်။

အထက်ပါစကားရပ်များကို ပထမတစ်ဖက် People Origin Co., Ltd. နှင့် ဒုတိယတစ်ဖက် ဦးအောင်ကိုစိုး၊ စိုးကမ္ဘာ (ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး)တို့သည် သေချာစွာ ဖတ်ရှု သိရှိ နားလည် သဘောပေါက်ကြပြီး၊ မိမိတို့၏ လွတ်လပ်သောပင်ကိုယ်စိတ်ဆန္ဒများအရ သဘောတူညီကြသဖြင့် အောက်ပါ အသိသက်သေများတို့ရှေ့မှောက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

| ပထမတစ်ဖက် | ဒုတိယတစ်ဖက် |
|---|---|
| [signature] ၄/၁၀/၂၄ | [signature] |
| People Origin Co., Ltd. (ကိုယ်စား) | ဦးအောင်ကိုစိုး(၉/ညဥန(နိုင်)၁၉၂၄၀၇) |
| ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁) | စိုးကမ္ဘာ (ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး) |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် - | | လက်မှတ် - | [signature] |
| အမည် - | | အမည် - | ဦးပြည့်ဖြိုးအောင် |
| မှတ်ပုံတင် - | | မှတ်ပုံတင် - | ၉/ညဥန(နိုင်)၁၂၄၉၀၉ |
| နေရပ် - | | နေရပ် - | [illegible] |
| - | | - | |